Vol.2 (10), May 2022



Source: https://www.foodnavigator.com/Article/2017/10/26/Split-proof-sesame-seed-gets-backing-for-fundamental-shift-in-8-billion-market

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန်၊ စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"

31st May, 2022

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

**ပါဝင်သောအကြောင်းအရာများ**

- ❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
  - ➢ နှံစားသီးနှံ
  - ➢ ဆီထွက်သီးနှံ
  - ➢ ပဲမျိုးစုံ
  - ➢ စက်မှုကုန်ကြမ်းသီးနှံ
  - ➢ စားဖိုဆောင်သီးနှံ
  - ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက် အလက်များ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ အနည်းငယ် ပြောင်းလဲမှုရှိ
- ❖ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနက်၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ အတက်အကျဖြစ်ပေါ်လျက်ရှိ
- ❖ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများ ပြောင်းလဲမှုရှိလာ
- ❖ ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြိတစ်တန် ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာ
- ❖ ငရုတ်အစိုဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး ငရုတ် အခြောက်ဈေးနှုန်း အနည်းငယ်လျော့ကျ
- ❖ ခရမ်းချဉ်ဈေးနှုန်း ပြန်လည်မြင့်တက်လာ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှု

စာမျက်နှာ ၂ မှ ၄

**စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ**

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ ပြည်ပဝယ်လိုအား များပြားခြင်းကြောင့် ပြောင်းဈေးနှုန်း မြင့်တက်လျက်ရှိ
- ❖ ပြည်တွင်းစားသုံးမှုဖူလုံစေရန် မြေပဲနှင့်နှမ်းတင်ပို့မှုများအား ယာယီရပ်ဆိုင်း
- ❖ နဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ပြည်ပပို့ကုန်သီးနှံပင် (၅)မျိုးကို စိုက်ပျိုးလာ
- ❖ ပဲစိုက်တောင်သူများသည် ကုလားပဲအမြောက်အများကို ဈေးနှုန်းမြင့်မားစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချ
- ❖ တရုတ်နိုင်ငံ၏ ပိတ်ဆို့ကန့်သတ်မှုများသည် သစ်သီး တင်ပို့သူများအား အရှေ့တောင်အာရှသို့ လမ်းကြောင်း ပြောင်းရန် တွန်းအားပေးနေ
- ❖ တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံမှဒူးရင်းသီးများအတွက် လေကြောင်းလမ်းသစ် စတင်လိုက်ပြီဖြစ်ကြောင်း
- ❖ ဘရာဇီးလ်နိုင်ငံတွင် နှင်းခါးအန္တရာယ်လျော့ကျလာသည်နှင့်အမျှကော်ဖီဈေးနှုန်းများ သိသိသာသာကျဆင်းလာ
- ❖ အိန္ဒိယနိုင်ငံ၏ ဂျုံတင်ပို့မှုပိတ်ပင်ထားခြင်းအပေါ် စိုးရိမ်လျက်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြား

စာမျက်နှာ ၅ မှ ၈

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနေသုခစပါး

•မေလဒုတိယ(၁၅)ရက်အတွင်း၌ ပေါ်ဆန်းစပါး၏ ဈေးကွက်အတွင်း ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ(၁၃၆၆၇)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၁၇၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ မေလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၁၅၀၀ကျပ် (၆%မှ ၁၃%)ခန့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ် (၆%မှ ၃၃%)ခန့် ဈေးနှုန်းလျော့ကျလျက်ရှိသည်ကို တွေ့ရှိရပါသည်။

•မေလဒုတိယ(၁၅)ရက်အတွင်း မနေသုခစပါး၏ ဈေးကွက်အတွင်း ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၈၆၆၄)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၁၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ မေလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေးနှင့် မကွေးဈေးကွက်တို့၌ တစ်တင်းလျှင် (၂%)နှင့် (၅%)ခန့် အသီးသီး ဈေးနှုန်း အနည်းငယ်လျော့ကျခဲ့သော်လည်း အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၂၀၀ကျပ်မှ ၂၃၀၀ကျပ်(၂%မှ ၃၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။

•မေလဒုတိယ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုပုံမှန်ရှိနေသော်လည်း အရောင်းအဝယ်အေးနေခြင်းကြောင့် စပါးဈေးနှုန်းမှာ အနည်းငယ်ပြောင်းလဲမှုရှိနေခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




▪မေလဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၄၀၂၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၈၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းဒေသ၌ တစ်တင်းလျှင် ၇၀၀၀ကျပ်(၆၃%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့၌ တစ်တင်းလျှင် (၇%မှ ၃၁%) ခန့်အတွင်း ဈေးနှုန်းလျော့ကျကာ မကွေးနှင့် ကချင်ဈေးကွက်တို့၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။ အစေ့ထုတ်ပြောင်း ဈေးနှုန်းအခြေအနေမှာ ထိုင်းနိုင်ငံသို့ ယခုနှစ်ဩဂုတ် လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေပြီး တရုတ်သို့ တင်ပို့မှုလည်းရှိနေရာ ပုံမှန်အရောင်းအဝယ်ဖြင့်ပင် ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှု ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- မေလဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၅၈၁၈၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၁၀၀၀) ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် စစ်ကိုင်းဈေးကွက်၌သာ တစ်တင်းလျှင် ၅၀၀၀ကျပ်(၇%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၁၀၀၀၀ကျပ် (၁%မှ ၂၅%)ခန့်အတွင်း ဈေးနှုန်းလျော့ကျလျက်ရှိပြီး အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှု မတွေ့ရှိရပါ။
- မေလဒုတိယ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၉၅၄၀)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၂၅၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းဈေးကွက်၌သာ တစ်တင်းလျှင် ၈၀၀၀ကျပ်(၃၂%)ခန့် ဈေးနှုန်းကျဆင်းသွားပြီး မန္တလေးနှင့် မကွေးဈေးကွက်တို့၌ တစ်တင်း

•လျှင် ၅၀၀ကျပ်(၂%)နှင့် ၃၀၀၀ကျပ်(၂၃%)ခန့် အသီးသီး ဈေးနှုန်းမြင့်တက်ကာ ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

•မေလဒုတိယ(၁၅)ရက်အတွင်း နေကြာတစ်တင်း ပျမ်းမျှဈေးနှုန်းအနေဖြင့် (၂၈၀၈၃)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၃၄၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် ၅၅၀၀ကျပ်(၃၃%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်လာပြီး ပဲခူးဈေးကွက်၌ တစ်တင်းလျှင် ၁၀၀၀ကျပ်(၃%)ခန့် ဈေးနှုန်းအများဆုံး လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။




| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မေလ ပထမ (၁၅)ရက် | မေလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀.၀၀ |
| မန္တလေး | ၁၈၅၀၀ | ၁၉၀၀၀ | (+)၂.၇၀ |
| မကွေး | ၁၃၀၀၀ | ၁၆၀၀၀ | (+)၂၃.၀၈ |
| ပဲခူး | ၂၅၀၀၀ | ၂၅၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၂၅၀၀၀ | ၁၇၀၀၀ | (-)၃၂.၀၀ |
| ကချင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ကရင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |
| ရခိုင် | ၁၉၀၀၀ | ၁၉၀၀၀ | ၀.၀၀ |
| ရှမ်း | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မေလ ပထမ (၁၅)ရက် | မေလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၇၀၀၀ | ၅၂၀၀၀ | (+)၁၀.၆၄ |
| ရန်ကုန် | ၅၈၀၀၀ | ၅၉၀၀၀ | (+)၁.၇၂ |
| မန္တလေး | ၄၇၅၀၀ | ၄၇၆၀၀ | (+)၀.၂၁ |
| မကွေး | ၄၈၀၀၀ | ၄၅၀၀၀ | (-)၆.၂၅ |
| ရေဝတီ | ၄၇၀၀၀ | ၄၆၀၀၀ | (-)၂.၁၃ |
| ပဲခူး | ၅၀၀၀၀ | ၄၅၀၀၀ | (-)၁၀.၀၀ |
| စစ်ကိုင်း | ၄၁၅၀၀ | ၄၇၀၀၀ | (+)၁၃.၂၉ |
| တနင်္သာရီ | ၄၅၀၀၀ | ၄၁၀၀၀ | (-)၈.၈၉ |
| ကချင် | ၄၅၀၀၀ | ၄၅၀၀၀ | ၀.၀၀ |
| ကရင် | ၃၁၀၀၀ | ၃၅၀၀၀ | (+)၁၂.၉ |
| မွန် | ၄၆၀၀၀ | ၄၉၀၀၀ | (+)၆.၅၂ |
| ရခိုင် | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- မေလဒုတိယ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်းပျမ်းမျှ ဈေးနှုန်းမှာ (၄၇၀၁၇)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၉၀၀၀)ကျပ် ရှိနေပါသည်။ မေလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက နေပြည်တော်၌သာ တစ်တင်းလျှင် ၈၀၀၀ကျပ်(၁၆%)ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ် (၂%မှ ၁၁%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်လာသော်လည်း ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။
- မေလဒုတိယ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်းပျမ်းမျှ ဈေးနှုန်းမှာ (၄၅၉၆၇)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၉၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ် (၂%မှ ၁၁%)ခန့်အတွင်း ဈေးနှုန်းလျော့ကျလျက်ရှိပြီး ဈေးကွက်အချို့၌ တစ်တင်းလျှင် ၁၀၀ကျပ်မှ ၅၅၀၀ ကျပ်(၀.၂%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- မေလဒုတိယ(၁၅)ရက်အတွင်း ပဲစင်းငုံတစ်တင်းပျမ်းမျှ ဈေးနှုန်းမှာ (၄၃၇၀၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၄၉၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေးနှင့် ကရင်ပြည်နယ်တို့တွင် တစ်တင်းလျှင် ၃၀၀ကျပ်(၀.၆%)နှင့် ၂၀၀၀ ကျပ်(၅%)ခန့် အသီးသီးဈေးနှုန်းမြင့်တက်လာသော်လည်း ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၃၀၀၀ကျပ်မှ ၅၀၀၀ကျပ် (၆%မှ ၁၀%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ်လျော့ကျကာ ဈေးကွက်အချို့တွင် အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ပဲစင်းငုံ




### ကုလားပဲ

- မေလဒုတိယ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၀၇၅၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၃၀၀၀)ကျပ်ရှိနေပါသည်။ မေလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မကွေးနှင့် မွန်ပြည်နယ်ဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ကျပ် (၂%)ခန့်ဈေးနှုန်းလျော့ကျခဲ့သော်လည်း ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၇၀၀၀ကျပ် (၁%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




- မေလဒုတိယ(၁၅)ရက်အတွင်း ကုလားပဲဈေးနှုန်းသည် ပြည်တွင်းသုံးစွဲမှုမြင့်မားလာခြင်းနှင့် ပြည်ပတင်ပို့သည့် ကုန်သည်များမှ ဝယ်ယူလျက်ရှိခြင်းကြောင့်လည်းကောင်း၊ ပဲတီစိမ်းဈေးနှုန်းသည် အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေခြင်းကြောင့်လည်းကောင်း၊ ပဲစင်းငုံဈေးနှုန်းသည် အရောင်းအဝယ်ပုံမှန်ရှိနေသော်လည်း ဈေးနှုန်းငြိမ်သက်နေခြင်းကြောင့်လည်းကောင်း၊ မတ်ပဲဈေးနှုန်းသည် ငွေကြေးဈေးနှုန်းပြောင်းလဲမှုနှင့် မေလကုန်ပိုင်းတွင် အရောင်းအဝယ်ကောင်းလာခြင်းကြောင့်လည်းကောင်း ပြည်ပတင်ပို့လျက်ရှိသည့် ပဲမျိုးစုံဈေးနှုန်းများ ပြောင်းလဲမှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- မေလဒုတိယ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၃၅၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၀၀၈)ကျပ် ရှိနေပါသည်။ မေလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် မကွေးဒေသတွင် (၃၅၀)ကျပ်ခန့် ဈေးနှုန်းမြင့်တက်လာပါသည်။ ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုအနေဖြင့် တစ်ပိဿာလျှင် (၈၅၀)ကျပ်ဖြစ်ပါသည်။

## ချက်ကြံ

- မေလဒုတိယ(၁၅)ရက်အတွင်း ချက်ကြံတစ်တန်ပျမ်းမျှ ဈေးနှုန်းသည် (၅၂၅၀၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးနှင့်အနိမ့်ဆုံးကွာခြားမှုမှာ (၁၈၀၀၀)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲခူးဒေသ၌သာ တစ်တန်လျှင်(၄၀၀၀)ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မန္တလေး၊ စစ်ကိုင်းနှင့် ကရင်ဈေးကွက်တို့၌ တစ်တန်လျှင် (၃၅၀၀)ကျပ်မှ (၁၅၀၀၀)ကျပ်အတွင်း ဈေးနှုန်းလျော့ကျကာ ကျန်ဒေသများတွင် ချက်ကြံဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ

**မေလဒုတိယ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ**

| ဈေးကွက်အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | မေလ ပထမ (၁၅)ရက် | မေလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| မွန် | ၁၀၃၃ | ၁၀၄၁ | (+)၀.၇၇ |
| ကရင် | ၁၀၉၂ | ၁၀၄၁ | (-)၄.၆၇ |
| တနင်္သာရီ | ၁၁၈၅ | ၁၁၁၁ | (-)၆.၂၄ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ မေလဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၁၁၅၄)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၁၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေး၊ နေပြည်တော်နှင့် ပဲခူးဈေးကွက်တို့တွင် တစ်ပိဿာလျှင် ပျမ်းမျှ ၁၃%ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း မကွေးနှင့် မွန်ပြည်နယ်တို့တွင် တစ်ပိဿာလျှင် ပျမ်းမျှ ၁၇%ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | မေလ ပထမ (၁၅)ရက် | မေလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၀၀၀ | ၅၃၀၀ | (+)၃၂.၅၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၇၀၀ | ၃၃၀၀ | (-)၁၀.၈၁ |
| မကွေး | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ပဲခူး | ၅၀၀၀ | ၆၀၀၀ | (+)၂၀.၀၀ |
| ဧရာဝတီ | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၅၅၀၀ | ၅၅၀၀ | ၀.၀၀ |
| တနင်္သာရီ | ၅၀၀၀ | ၄၈၀၀ | (-)၄.၀၀ |
| ကချင် | ၆၀၀၀ | ၆၀၀၀ | ၀.၀၀ |
| ကရင် | ၄၅၀၀ | ၅၀၀၀ | (+)၁၁.၁၁ |
| မွန် | ၆၀၀၀ | ၅၇၀၀ | (-)၅.၀၀ |
| ရခိုင် | ၈၀၀၀ | ၈၀၀၀ | ၀.၀၀ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |

○ မေလဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၅၀၄၆)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်၊ ပဲခူးနှင့် ကရင်ပြည်နယ်ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၅၀၀ကျပ်မှ ၁၃၀၀ကျပ် (၁၁%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း မန္တလေး၊ တနင်္သာရီနှင့် မွန်ပြည်နယ်တို့တွင် တစ်ပိဿာလျှင် ၂၀၀ကျပ်မှ ၄၀၀ကျပ် (၄%မှ ၁၀%)ခန့်အတွင်း ဈေးနှုန်းလျော့ကျကာ အချို့ဈေးကွက်တို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




○ မေလဒုတိယ(၁၅)ရက်အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၁၀၂၇)ကျပ်အထိ မြင့်တက်လာပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၁၅၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၇၀၀ကျပ်(၁၂%မှ ၁၄၀%)ခန့်အတွင်း ဈေးနှုန်းပြန်လည် မြင့်တက်လာနေသော်လည်း ဈေးကွက်အချို့တွင် ဈေးနှုန်းငြိမ်သက်နေဆဲဖြစ်ပါသည်။

## ငရုတ်(အစို)




○ မေလဒုတိယ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာ ဈေးနှုန်းမှာ (၃၁၀၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်ပိဿာလျှင် (၄၅၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်၌ တစ်ပိဿာလျှင် (၂၀၀၀)ကျပ်ခန့် ဈေးနှုန်းအများဆုံး ကျဆင်းခဲ့ပြီး ကရင်နှင့် မွန်ပြည်နယ်တို့၌ တစ်ပိဿာလျှင် (၅၀၀)ကျပ်ခန့် ဈေးနှုန်းအများဆုံး မြင့်တက်လာကာ ကျန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။

## ငရုတ်(အခြောက်)

○ မေလဒုတိယ(၁၅)ရက်အတွင်း ငရုတ်(အခြောက်) ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၇၄၇၃)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၁၀၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကရင်ပြည်နယ်၌သာ တစ်ပိဿာလျှင် ၁၅၀၀ကျပ်(၂၃%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၅၀၀ကျပ်မှ ၂၀၀၀ကျပ်(၆%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းလျော့ကျကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှု မရှိသည်ကို တွေ့ရှိရပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ မေလဒုတိယ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၀၀၀၀ | ၂၂၀၀၀ | ၁၅၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၉၀၀၀ | ၅၀၀၀ | ၃၅၀၀ | - |
| ငါးမြင်း | ။ | ၇၀၀၀ | - | - | - |
| ငါးတန် | ။ | ၉၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ။ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ငါးကျည်း | ။ | ၁၅၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၂၀၀၀ | ၁၃၀၀၀ | - | ၁၀၀၀၀ |
| ကကတစ် | ။ | ၂၀၀၀၀ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ။ | ၃၂၀၀၀ | ၃၀၀၀၀ | - | ၁၀၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၅၀၀၀ | ၃၆၀၀၀ | ၃၁၀၀၀ | ၄၅၀၀၀ |
| ပုစွန်ကျော့ | ။ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၂၂၀၀၀ |
| ကဏန်းမာ | ။ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၀၀၀၀ |
| ဆိတ် | ။ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၆၀ | ၁၅၀ | ၁၅၀ | ၂၅၀ |
| ဘဲဥ | ။ | ၁၈၀ | ၂၅၀ | ၂၀၀ | ၂၅၀ |
| ငုံးဥ | ။ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### ပြည်ပဝယ်လိုအား များပြားခြင်းကြောင့် ပြောင်းဈေးနှုန်း မြင့်တက်လျက်ရှိ

- ပြည်ပဝယ်လိုအားများပြားခြင်းကြောင့် ပြောင်းဈေးများ မြင့်တက်လျက်ရှိကြောင်း၊ မြန်မာ့ပြောင်းကို လက်ရှိတွင် ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ဗီယက်နမ်တို့မှ ဝယ်လိုအားရှိနေပြီး ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုပြုနေကြောင်း၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှတစ်ဆင့် ဝယ်ယူကြောင်း၊
- မြန်မာနိုင်ငံ ပြောင်းစက်မှုအသင်းဥက္ကဌ ဦးမင်းခိုင်၏ ပြောကြားချက်အရ ယခုအချိန်တွင် ပြည်ပဝယ်လိုအားကြောင့် ပြောင်းဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း၊ ပြောင်းဈေးနှုန်းသည် ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာလျှင် (၁,၀၅၀)ကျပ်ထိ မြင့်တက်လျက်ရှိကြောင်း၊
- ပြောင်းတစ်တန်လျှင် FOB ဈေးနှုန်းအမေရိကန်ဒေါ်လာ (၃၂၀)မှ (၃၄၀)ခန့်ရှိကြောင်း၊ ပြည်ပဝယ်လိုအားနှင့် ကျပ်ငွေတန်ဖိုးကျဆင်းမှုကြောင့် ပြောင်းဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း၊
- မြန်မာနိုင်ငံသည် (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှု လုပ်ဖော်ကိုင်ဖက်များသို့ ပြောင်းတန်ချိန် (၂.၃)သန်းတင်ပို့ခဲ့ကြောင်း၊ အများစုကို ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ကိုလည်း တင်ပို့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် မဲဆောက်မှတစ်ဆင့် ပြောင်းတင်သွင်းမှုကို ဖေဖော်ဝါရီ (၁)ရက်မှ ဩဂုတ်(၃၁)ရက်အထိ အကောက်ခွန်ကင်းလွတ်ခွင့် (Form-D)ဖြင့် ခွင့်ပြုခဲ့ကြောင်း၊
- သို့သော် ထိုင်းနိုင်ငံ၏ ပြောင်းရာသီချိန်အတွင်း ပြောင်းတင်သွင်းလာပါက စိုက်ပျိုးသူများ၏ အခွင့်အရေးကို ကာကွယ်ရန် ပြောင်းတင်သွင်းမှုအပေါ် အမြင့်ဆုံး အခွန်နှုန်းထားအဖြစ်(၇၃)ရာခိုင်နှုန်း ချမှတ်ခဲ့ကြောင်း၊

❖ မြန်မာနိုင်ငံသည် (၂၀၁၉-၂၀)ဘဏ္ဍာနှစ်တွင် ပြောင်းတန်ချိန်(၂.၂)သန်းကျော်တင်ပို့ခဲ့ပြီး ခန့်မှန်းတန်ဖိုး ကန်ဒေါ်လာသန်း(၃၆၀)ခန့်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှု အချက်အလက်များအရ သိရှိရပါကြောင်း၊

❖ လက်ရှိတွင် ပြောင်းကို ရှမ်း၊ ကချင်၊ ကယားနှင့် ကရင်ပြည်နယ်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့၌ စိုက်ပျိုးလျက်ရှိကြောင်း (၁၉.၅.၂၀၂၂) တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းအချက်အလက်အရ သိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန
Source: https://www.gnlm.com.mm/corn-prices-edge-up-on-strong-foreign-demand/

### ပြည်တွင်းစားသုံးမှုဖူလုံစေရန် မြေပဲနှင့်နှမ်းတင်ပို့မှုများအား ယာယီရပ်ဆိုင်း

❖ ပြည်တွင်းဈေးကွက်ဖူလုံမှုရှိစေရန်အတွက် မြေပဲနှင့်နှမ်းတင်ပို့မှုကို ယာယီရပ်ဆိုင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိကုန်သွယ်မှုဦးစီးဌာန၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊ နယ်စပ်ဂိတ်များမှတစ်ဆင့် တင်ပို့ခွင့်ပြုထားသော စိုက်ပျိုးရေးထုတ်ကုန်များထဲမှ ဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့် နှမ်း(နှမ်းနက်မှလွဲ၍) တင်ပို့မှုကို ယာယီရပ်ဆိုင်းထားကြောင်း၊

❖ ပြည်တွင်းစားသုံးမှုဖူလုံစေရန်အတွက် မြေပဲနှင့် နှမ်း တင်ပို့မှုတားမြစ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းဆွေးနွေးရန် ကုန်သွယ်မှုဦးစီးဌာနမှ မေလ(၉)ရက်နေ့တွင် ထုတ်ပြန်ထားကြောင်း၊ နှမ်းနက်မှလွဲ၍ မြေပဲနှင့်နှမ်းတင်ပို့မှုတားမြစ်ချက်သည် ၂၀၂၂ခုနှစ်၊ မေလ(၉)ရက်နေ့မှ စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊

❖ စီးပွားရေးဆိုင်ရာ ကိုဗစ်-၁၉ အစီအမံများ ဖြေလျှော့ပြီးသည့်နောက် ယူကရိန်း-ရုရှားနိုင်ငံရေးနှင့် နိုင်ငံတကာစားသုံးဆီဈေးကွက်တွင် အဆိုးဘက် သက်ရောက်မှုများရှိသည့်အတွက် ဆီတင်ပို့မှုထိပ်တန်းနိုင်ငံဖြစ်သော အင်ဒိုနီးရှားမှ နေကြာဆီ တင်ပို့မှုတားမြစ်ခဲ့ခြင်းကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ဆီထွက်သီးနှံများ တင်ပို့မှုကို တားမြစ်ခဲ့ကြောင်း ကုန်သွယ်မှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း၊

❖ ဆီထွက်သီးနှံများနှင့် စားသုံးဆီများ၏ HS Code အများစုမှာ တင်ပို့မှုလိုင်စင် လိုအပ်သော ကုန်ပစ္စည်းများစာရင်းထဲတွင် ပါဝင်မှုမရှိပါ။ ထို့ကြောင့် နှမ်းနက်နှင့် စားသုံးဆီများမှလွဲ၍ ကျန်သီးနှံများအတွက် အကောက်ခွန်ဦးစီးဌာနမှ ပို့ကုန်ကြေငြာချက်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ယာယီရပ်နားထားရာ နှမ်းနက်နှင့် စားသုံးဆီများကို (၂၀၂၂)ခုနှစ်၊ မေလ (၉)ရက်နေ့မှစတင်၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရပ်ဆိုင်းခဲ့ကြောင်း၊

❖ ကမ္ဘာ့ထိပ်တန်းဆီတင်ပို့သည့်နိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် ဧပြီလ(၂၈)ရက်နေ့တွင် စားအုန်းဆီပြတ်လပ်မှုလျော့ချရန်နှင့် မတည်ငြိမ်သောဈေးနှုန်းများကို ထိန်းချုပ်ရန် စားအုန်းဆီတင်ပို့မှုကို ရပ်နားထားခဲ့ကြောင်း အကျိုးဆက်အနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံစေရန် မြန်မာနိုင်ငံမှ မြေပဲနှင့်နှမ်းတင်ပို့မှုကို ယာယီတားမြစ်ရန် တွန်းအားပေးနေကြောင်း ဆီကုန်သည်ကြီးများအသင်းမှ ၎င်းတို့၏အမြင်များကို ဝေမျှခဲ့ကြောင်း၊

❖ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံမှ စားသုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းထံသို့ အသိပေးခြင်းမရှိဘဲ ဆီကန်များမှ ဆီများထုတ်ယူခြင်းကို တားမြစ်ထားကြောင်း မေလ(၁၀)ရက်နေ့မှ ထုတ်ပြန်သည့် ကြေငြာချက်တွင် ဖော်ပြထားကြောင်း၊

❖ ဆီကန်များတွင် စားသုံးဆီတန်ချိန်ပေါင်း (၁၈,၀၉၇.၁၆) တန်ရှိသေးကြောင်း မေလ(၉)ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရပါကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးဆီတင်ပို့ရေးနှင့် ဖြန့်ဖြူးရေးကြီးကြပ်မှုကော်မရှင် သည် နိုင်ငံတကာတွင် ပြောင်းလဲနေသောနှုန်းထားများနှင့်အညီ အပတ်စဉ်ရည်ညွှန်းဈေးများကို ထုတ်ပြန်ပေးလျက်ရှိကြောင်း၊

❖ မေလ(၉)ရက်နေ့မှ (၁၅)ရက်နေ့အထိ တစ်ပတ်စာ ရည်ညွှန်းဈေးမှာ တစ်ပိဿာလျှင် (၆,၀၂၅)ကျပ် ရှိကြောင်း (တစ်ပိဿာသည် ၁.၆ ကီလိုဂရမ်နှင့်ညီမျှပါသည်)၊ ၎င်းကော်မတီသည် အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံ၏ ကုန်သယ်ပို့ဆောင်ခ၊ အခွန်နှင့် ဘဏ်ဝန်ဆောင်မှုများ အပါအဝင် စားသုံးဆီများအတွက် အပတ်စဉ်ထုတ်ပြန်သော ရည်ညွှန်းဈေးများအပေါ် အခြေခံသည့် FOB ဈေးနှုန်းများကို အမြဲမပြတ်စောင့်ကြည့်လျက်ရှိကြောင်း၊

❖ ပြည်တွင်းစားသုံးမှုသည် တစ်နှစ်လျှင် ခန့်မှန်းခြေတန်ချိန်(၁)သန်းရှိပြီး ပြည်တွင်း စားသုံးဆီ ထုတ်လုပ်မှုသည် တန်ချိန်ပေါင်း(၄၀၀,၀၀၀)သာရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ဆီလုံလောက်မှုရှိစေရန်အတွက် အင်ဒိုနီးရှားနှင့်မလေးရှားတို့မှ နှစ်စဉ်တန်ချိန်ပေါင်း (၇၀၀,၀၀၀) တင်သွင်းနေရကြောင်း (၁၂.၅.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ကွန်ရက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန
Source: https://www.gnlm.com.mm/peanut-sesame-exports-temporarily-suspended-to-secure-local-consumption/

### နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ပြည်ပပို့ကုန်သီးနှံပင်(၅)မျိုးကိုစိုက်ပျိုးလာ

✓ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေရရှိရန် နည်းလမ်းများ ရှာဖွေလာကြကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒေသခံလူထုအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုမှာ အိန္ဒိယနိုင်ငံသို့ ပျိုးပင်ပေါက်များ တင်ပို့ခြင်းပင် ဖြစ်ကြောင်း၊

✓ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရန်ရည်ရွယ်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ နယ်စပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် (၁၀)သန်းကျော်ကိုအသုံးပြု၍ သီးနှံပင်(၅)မျိုးဖြစ်သည့် ဝက်မလွတ်အုန်းပင်၊ ကျွဲကောပင်၊ ကြက်မောက်ပင်၊ ကွမ်းသီးပင်နှင့် ရွှေလုံ့ဗိုလ် ငရုတ်ပင်တို့ကို စိုက်ပျိုးလာကြကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊

✓ ယခင်နှစ်မှစ၍ ငွေကျပ် (၁၀)သန်းကိုနာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲဝေသုံးစွဲခဲ့ကြောင်း၊ မြို့သစ်မြို့နယ်သို့ ဝက်မလွတ် အုန်းပင်၊ကျွဲကောပင်နှင့် ကြက်မောက်ပျိုးပင်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့သစ်၊ ခမ်းပတ်နှင့် တမူးမြို့နယ်များတွင် ကွမ်းသီးပျိုးပင်ပေါက်များကို ပျိုးထောင်ခဲ့ကြောင်း၊

✓ မြို့သစ်နှင့် မင်းလှခြံများသို့ ခန့်မှန်းခြေအားဖြင့် ဝက်မလွတ်ပျိုးပင် (၇၀၀)ကို ဖြန့်ဝေပေးခဲ့ပြီး မြို့သစ်နှင့် မင်းလှမြို့နယ်ရှိခြံများသို့ ကွမ်းသီးပျိုးပင် (၁,၅၀၀) ခန့်

နှင့် ခမ်းပတ်မြို့နယ်အတွက် ပျိုးပင်(၁,၀၀၀) ဖြန့်ဝေပေးခဲ့ကြောင်း၊ စိုက်ပျိုးသူများမှ နိုင်ငံခြားဈေးကွက်အတွက်ရည်ရွယ်၍ စိုက်ပျိုးလျက်ရှိကြောင်း၊

- ✓ မဏိပုရလူမျိုးများ စားသုံးမှုများသည့် ရွှေလုံဗိုလ် ငရုတ်မျိုးကို တမူးခရိုင်တွင် (၂၄၁)ဧကစိုက်ပျိုးပြီး အထွက်နှုန်းမှာလည်း တစ်ဧကလျှင် ပိဿာ(၈၀၀)ခန့်ထွက်ရှိကြောင်း (၁၇.၅.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New LightOf Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။
- ✓ ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm-five-plants-cultivated-for-exports-under-naga-self-administered-zone-border-development-fund

## ပဲစိုက်တောင်သူများသည် ကုလားပဲ အမြောက်အများကို ဈေးနှုန်းမြင့်မားစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိ

- ဘုတလင်၊ အရာတော်၊ ချောင်းဦးနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများမှတစ်ဆင့် မုံရွာဈေးကွက်အတွင်းသို့ ကုလားပဲအိတ်ပေါင်း(၂၀၀၀) မှ (၃၀၀၀)ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရှိရကြောင်း၊
- မုံရွာခရိုင်မှ ပဲစိုက်တောင်သူများသည် ကုလားပဲများကို ဈေးနှုန်းမြင့်မားစွာဖြင့် ဈေးကွက်သို့ ရောင်းချလျက်ရှိပြီး လက်ကျန်အနည်းငယ်သာရှိတော့ကြောင်း၊ ပဲစိုက်တောင်သူများသည် ကုလားပဲ(၃၀)ရာခိုင်နှုန်းသာ သိုလှောင်ပြီး အချို့တောင်သူများသည် ဈေးကွက် မရေရာမှုများကြောင့် ထုတ်ရောင်းကြကြောင်း၊ ယခင်နှစ်တွင် စိုက်ပျိုးသူများ၏ သိုလှောင်မှုမှာ (၅၀)ရာခိုင်နှုန်းရှိခဲ့ကြောင်း မုံရွာကုန်စည်ဒိုင်မှ အတွင်းရေးမှူးဖြစ်သူ၏ ပြောကြားချက်အရ သိရှိရကြောင်း၊ ကုလားပဲဈေးနှုန်းများသည် ဇွန်လတွင် အလှူအတန်းပွဲများကြောင့် မြင့်တက်လေ့ရှိပြီး လက်ရှိတွင်လည်း မြင့်တက်နေဆဲဖြစ်ကြောင်း၊
- ကမ္ဘာလုံးဆိုင်ရာ စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်းနှင့် ဂျုံ၊ စားတော်ပဲ တင်သွင်းမှု ကန့်သတ်ခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်မားလာခြင်းဖြစ်ကြောင်း၊ ရိတ်သိမ်းရာသီ အစောပိုင်းတွင် ကုလားပဲတစ်အိတ်လျှင် ကျပ်(၂၅,၀၀၀)မှ (၃၀,၀၀၀)သာရှိခဲ့ကြောင်း၊ သင်္ကြန်ပြီးနောက်ပိုင်းကာလတွင် (၃၅,၀၀၀)ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ ဇွန်လနှင့် ဇူလိုင်လတွင် (၄၅,၀၀၀)ကျပ်အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း၊
- လက်ရှိအချိန်တွင်ဈေးနှုန်းမြင့်မားနေသော်လည်း အချိန်တစ်ခုစောင့်ပါက ယခုထက်ဈေးပိုရနိုင်မည်ဖြစ်ကြောင်း၊ ဘုတလင်၊ အင်းတော်၊ ချောင်းဦးနှင့် ချင်းတွင်းမြစ်အနောက်ဘက်ဒေသများမှတစ်ဆင့် မုံရွာဈေးကွက်သို့ ကုလားပဲအိတ်ပေါင်း (၂,၀၀၀-၃,၀၀၀)ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊
- ကုလားပဲလုံးဖြူများကို ပါကစ္စတန်သို့ အဓိကတင်ပို့လျက်ရှိကြောင်း၊ မုံရွာနှင့် မန္တလေးမြို့ရှိ ကြိတ်ခွဲရုံများသည် ကုလားပဲလုံးနီများကို ဝယ်ယူလျက်ရှိကြောင်း၊
- ကုလားပဲကို မြန်မာနိုင်ငံအထက်ပိုင်းတွင် အဓိကစိုက်ပျိုးကြပြီး မြန်မာနိုင်ငံအောက်ပိုင်းရှိ ပဲခူးတိုင်း၌လည်း စိုက်ပျိုးကြကြောင်း၊ ကုလားပဲမျိုးများဖြစ်သော V2 နှင့် V7 မျိုးများကို ပြည်ပဈေးကွက်သို့ အများဆုံးတင်ပို့လျက်ရှိကြောင်း (၁၈.၅.၂၀၂၂)ရက်နေ့တွင် ထုတ်ဝေခဲ့ သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/growers-deliver-large-amounts-of-chickpeas-to-market-at-high-price/

# ပြည်ပသတင်းများ

## တရုတ်နိုင်ငံ၏ ပိတ်ဆို့ကန့်သတ်မှုများသည် သစ်သီးတင်ပို့သူများအား အရှေ့တောင်အာရှသို့ လမ်းကြောင်းပြောင်းရန် တွန်းအားပေးနေ

- ❖ တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့နှစ်မြို့ဖြစ်သော ရှန်ဟိုင်းနှင့် ပေကျင်းမြို့တို့တွင် အဝင်အထွက်ပိတ်ဆို့မှုဒဏ်ကို ခဏတာရင်ဆိုင်ခဲ့ရပြီး ထုတ်လုပ်မှုစက်ရုံလုပ်ငန်းအပေါ် သက်ရောက်မှုများရှိနေကြောင်း၊ ရှန်ဟိုင်းမြို့သည် တရုတ်ဈေးကွက်သို့ ရောက်ရှိလာသော သစ်သီးများ၏ ၃ ပုံ ၁ ပုံကျော် ကိုင်တွယ်ထားကြောင်း၊
- ❖ ကန့်သတ်ပိတ်ဆို့မှုများသည်ပစ္စည်းရောက်ရှိမှုကို နှောင့်နှေးစေသည့်အပြင် ပို၍ဆိုးသည်မှာ ကုန်တင်ကားများသည် ရှန်ဟိုင်းမှအပြန် self-quarantine (၁၄)ရက်ဝင်ရောက်ရန် လိုအပ်သဖြင့် တစ်လလျှင် နှစ်ခေါက်သာ ယာဉ်ပြေးဆွဲရမည်ဖြစ်ပြီး တွက်ခြေ မကိုက်သောကြောင့် ရှန်ဟိုင်းမြို့သို့ သွားရောက်၍ ပစ္စည်းမယူလိုကြကြောင်း၊ ရလဒ်အနေဖြင့် ရှန်ဟိုင်းအတွက် ကုန်တင်ယာဉ်ခနှုန်းထား(၅၀၀)ရာခိုင်နှုန်းခန့် တိုးလာကြောင်း၊
- ❖ World Fresh Exports သည် ကမ္ဘာ့တစ်ဝှမ်းမှ သစ်သီးဝလံများကို အာရှတိုက်သို့ တင်ပို့ရောင်းချသော်လည်း ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် ၎င်း၏ကိုယ်ပိုင် ဒေသထွက်ကုန်များလည်းရှိကြောင်း၊ World Fresh Exports သည် လက်ရှိတွင် ပြည်တွင်း၌ စိုက်ပျိုးထားသော သစ်သီးဝလံများကို ရှန်ဟိုင်းဆိပ်ကမ်း ပိတ်ဆို့ကြန့်ကြာနေခြင်းကြောင့် ရှန်ကျန်း ဆိပ်ကမ်းသို့ပြောင်းရွှေ့နေကြောင်း၊ ၎င်းသည် ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများကဲ့သို့ နိုင်ငံများကိုထောက်ပံ့ရန် စံပြဆိပ်ကမ်းတစ်ခုဖြစ်၍ ကောင်းမွန်သော ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ရှန်ကျန်းမှ ဗီယက်နမ်သို့ရောက်ရှိရန် ၃ ရက်ကြာပြီး မလေးရှားသို့ ၉ရက်မှ ၁၀ရက်ခန့်ကြာကြောင်း၊
- ❖ ကမ္ဘာ့အခြားအရပ်ဒေသများမှ အာရှသို့ထွက်ကုန်များရရှိရန် အကောင်းဆုံးနည်းလမ်းမှာ ဟောင်ကောင်မှတစ်ဆင့်သွားခြင်းဖြစ်ကြောင်း၊ယခုလက်ရှိတွင် မြောက်အမေရိကမှ ဟောင်ကောင်သို့ ပို့ဆောင်ပေးလျက်ရှိပြီး ခရီးတို ရေယာဉ်များကို အသုံးပြုနေကြောင်း၊
- ❖ ယခင်သီတင်းပတ်တွင် Guangzhou ဆိပ်ကမ်းကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ ဤဆိပ်ကမ်းသည် မြောက်အမေရိကမှ သစ်သီးဝလံများကို ခွင့်ပြုထားကြောင်း၊ ပိတ်ဆို့အရေးယူမှုများကြောင့် ကြီးမားသော သွင်းကုန်ဈေးကွက်ကြီးပြိုလဲသွားခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ချီလီ ချယ်ရီသီး၏(၈၀)ရာခိုင်နှုန်းနှင့် ဩစတြေးလျရောက်သံပုရာသီးများနှင့် စပျစ်သီးများ (၆၀)ရာခိုင်နှုန်းကို စားသုံးကြကြောင်း၊ ထုတ်လုပ်သူ/ပို့ဆောင်သူသည် တရုတ်ဈေးကွက် အပေါ်တွင်သာ မှီခိုနေပါက အကျိုးသက်ရောက်မှုသည် ကြီးမားကြောင်း၊ သို့သော်လည်း ပိတ်ဆို့တားဆီးမှုများကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံအများအပြားသည် တရုတ်နိုင်ငံနှင့် ဝေးကွာသော အခြားဈေးကွက်များသို့ သစ်သီးများလွှဲပြောင်းတင်ပို့လျက်ရှိကြောင်း၊
- ❖ အခြားအာရှဈေးကွက်များတွင်သစ်သီးများနှင့် ပြည့်နှက်နေသော်လည်း အချို့နိုင်ငံများသည် အခြားတိုက်ကြီးများကို အာရုံစိုက်လာကြကြောင်း၊ ဩစတြေးလျသည် အရှေ့တောင်အာရှသို့သစ်သီးဝလံများ တိုးမြှင့်တင်ပို့လျက်ရှိကြောင်း၊ ၎င်းသည် အခြားအာရှနိုင်ငံများတွင် ဈေးကွက်များဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ တရုတ်လူဦးရေသည် ဒေသအစားအစာကို ပိုမိုစားသုံးလာကြောင်း၊ ဥပမာအားဖြင့် ကယ်လီဖိုးနီးယား ချယ်ရီသီးသည် တရုတ်နိုင်ငံအတွက် အလွန်သေးငယ်သော ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် စားသုံးသည့် ချယ်ရီသီးအများစုမှာ ပြည်တွင်း၌ စိုက်ပျိုးကြပြီး ယခုအချိန်သည် ရာသီချိန်ဖြစ်ကြောင်း၊
- ❖ World Fresh Exports သည် လာမည့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ဘန်ကောက်ရှိ Asia Fruit Logistica တွင် ပြသရန် စောင့်မျှော်နေကြောင်း၊ တရုတ်ပြည်တွင်းရှိ လူများသည် လိမ္မော်၊ စပျစ်သီး၊ ချယ်ရီနှင့် အခြားသစ်သီးမျိုးကွဲများစွာကို ကျွမ်းကျင်သူများဖြစ်ကြောင်း၊ WorldFresh Exports သည် ကနေဒါပန်းသီးများနှင့် ကယ်လီဖိုးနီးယား စပျစ်သီးများကို ပြသမည်ဖြစ်ကြောင်း (၁၈.၅.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော Fresh Plaza ကွန်ယက်၏ သတင်းအချက် အလက်များအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/article/9428143/china-s-lockdowns-force-fruit-exporters-to-divert-to-southeast-asia/

## တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံမှဒူးရင်းသီးများအတွက် လေကြောင်းလမ်းသစ် စတင်လိုက်ပြီဖြစ်ကြောင်း

- ထိုင်းဒူးရင်းသီးများကို တင်ဆောင်လာသော Tianjin Air Cargo လေယာဉ်သည် (၁၃.၅.၂၀၂၂)ရက်နေ့တွင် တရုတ်နိုင်ငံ Guangxi ရှိ Nanning လေဆိပ်သို့ ပထမဆုံးဆင်းသက်ခဲ့ပြီး ထိုင်းနိုင်ငံ၏ အဓိက သစ်သီးဝလံတင်ပို့မှုအတွက် လမ်းကြောင်းသစ်တစ်ခုအဖြစ် စတင်နိုင်ခဲ့ကြောင်း၊ ၎င်းသည်ဒူးရင်းစိုက်တောင်သူများအတွက် သတင်းကောင်းတစ်ခုဖြစ်ကြောင်း၊
- ကုန်တင်လေယာဉ်ပျံသန်းမှုအသစ်သည် Guangxi နှင့် Thailand ကြား လေကြောင်းကုန်စည် ပို့ဆောင်ရေးတွင် အထူးသဖြင့် တရုတ်နိုင်ငံတွင် ရေပန်းစားနေသည့် ဒူးရင်းသီးများကို လှုံ့ဆော်ပေးနိုင်မည်ဖြစ်ကြောင်း စိုက်

ပျိုးရေးဝန်ကြီးဌာနအကြံပေးအရာရှိ Alongkorn Ponlaboot မှ ပြောကြားခဲ့ကြောင်း၊

- Tianjin Air Cargo သည်တရုတ်နိုင်ငံပေကျင်း၊ Tianjin နှင့် Hebei ဒေသများတွင် လည်ပတ်နေသော်လည်း Nanning နှင့် ဘန်ကောက်ကြားလမ်းကြောင်းကို လွှမ်းခြုံနိုင်ရန် တိုးချဲ့ထားကြောင်း၊ ဘန်ကောက်နှင့် ပေကျင်းကြား ကုန်သွယ်ရေးညှိနှိုင်းမှုအပြီးတွင် တရုတ်နိုင်ငံသည် Nanning လေဆိပ်ကို ထိုင်းသစ်သီးဝလံ တင်ပို့မှုအတွက်ဝင်ပေါက်အဖြစ် ဧပြီလ(၁)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း၊
- ထိုင်းနိုင်ငံသည် ဒူးရင်းရိတ်သိမ်းချိန်အတွင်း ကုန်းတွင်း စစ်ဆေးရေးဂိတ်များတွင် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချရန် ပင်လယ်ရေကြောင်းမှ သစ်သီးတင်ပို့မှု (၅၅)ရာခိုင်နှုန်းသို့ တိုးမြှင့်တင်ပို့ခဲ့ကြောင်း၊ (၅)ရာခိုင်နှုန်းကို လေကြောင်းဖြင့်တင်ပို့မည်ဖြစ်ပြီး ကျန်(၄၀) ရာခိုင်နှုန်းကိုကုန်းကြောင်းနှင့် တင်ပို့မည်ဖြစ်ကြောင်း (၁၆.၅.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Fresh Plaza ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/article/9427529/ china-opens-new-air-route-for-durians-from-thailand/

## ဘရာဇီးလ်နိုင်ငံတွင် နှင်းခဲအန္တရာယ် လျော့ကျလာသည်နှင့်အမျှ ကော်ဖီ ဈေးနှုန်းများ သိသိသာသာကျဆင်းလာ

❖ ဘရာဇီးလ်နိုင်ငံတွင် နှင်းခဲအန္တရာယ်လျော့ကျလာပြီး (၁၈.၅.၂၀၂၂)ရက်နေ့တွင် ကော်ဖီဈေးနှုန်းများ သိသိသာသာလျော့ကျခဲ့ကြောင်း၊

❖ ကော်ဖီဈေးနှုန်းများသည် ကမ္ဘာ့ဝယ်လိုအား စိုးရိမ်မှုများကို ခုခံထားနိုင်ကြောင်း၊ တရုတ်အစိုးရသည် ရှန်ဟိုင်းနှင့် ပေကျင်းတွင် တင်းကြပ်သောကူးစက်ရောဂါဆိုင်ရာ ပိတ်ဆို့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စားသောက်ဆိုင်များနှင့်ကော်ဖီဆိုင်များကို ပိတ်ထားရန်နှင့် တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးမှုကို ထိန်းချုပ်ဟန့်တားသွားမည်ဟု ပြောကြားခဲ့ကြောင်း၊

❖ ယူကရိန်းပဋိပက္ခကြောင့် ဘရာဇီးလ်နိုင်ငံ၏ ကော်ဖီ တင်ပို့မှုကို ထိန်းချုပ်ခဲ့ပြီး မတ်လတွင် ဘရာဇီးလ်မှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့မှုသည် (၇၂)ရာခိုင်နှုန်း အောက်သို့ ကျဆင်းသွားပြီး၊ ယူကရိန်းသို့တင်ပို့မှုသည် (၆၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားခဲ့ကြောင်း၊

❖ ဗီယက်နမ်နိုင်ငံမှ ကော်ဖီရောင်းလိုအား လျော့နည်းခြင်းနှင့်ပတ်သက်၍ စိုးရိမ်မှုသည် ရိုဘတ်စတာဈေးနှုန်းမြင့်တက်မှုကို အထောက်အကူဖြစ်စေကြောင်း၊ ဓါတ်မြေသြဇာဈေးနှုန်း မြင့်တက်မှုသည် ကော်ဖီစိုက်တောင်သူများ ဓါတ်မြေသြဇာသုံးစွဲမှုကို လျှော့ချရန် တွန်းအားပေးသကဲ့သို့ဖြစ်ပြီး လာမည့်ရာသီတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု (၁၀)ရာခိုင်နှုန်းခန့် လျော့ကျသွားနိုင်ကြောင်း ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်းမှ သတိပေးပြောကြားခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ ရိုဘတ်စတာ ကော်ဖီထုတ်လုပ်မှုအများဆုံးနိုင်ငံ ဖြစ်ကြောင်း၊

❖ ကမ္ဘာ့ကော်ဖီတင်ပို့မှုသည် (၂၀၂၂)ခုနှစ် အောက်တိုဘာလမှ မတ်လအတွင်း တစ်ကမ္ဘာလုံးကော်ဖီတင်ပို့မှု၏ (၀.၁)ရာခိုင်နှုန်းအောက်၊ အိတ်သန်းပေါင်း (၆၆.၂၅) အိတ်သို့ ကျဆင်းသွားကြောင်း နိုင်ငံတကာ ကော်ဖီအဖွဲ့(ICO)မှ မေလ ၂ ရက်နေ့တွင် အစီရင်ခံတင်ပြပြီးနောက် ကမ္ဘာ့ကော်ဖီရောင်းလိုအားတွင် ဈေးနှုန်းများအတက်အကျဖြစ်စေကြောင်း၊

❖ ကမ္ဘာ့ကော်ဖီဝယ်လိုအား ပိုမိုတင်းကြပ်လာခြင်းသည် ဈေးနှုန်းကို အထောက်အကူဖြစ်စေကြောင်း၊ ဘရာဇီးလ်ကော်ဖီတင်ပို့မှုကောင်စီ CeCafe သည် ဧပြီလ(၁၁)ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံ၏ မတ်လ Green Coffee တင်ပို့မှု ယခင်နှစ်ထက် (၅.၈)ရာခိုင်နှုန်း အိတ်ပေါင်း (၃.၂၆၇) သန်းသို့ကျဆင်းသွားကြောင်း၊ ကမ္ဘာ့ဒုတိယအများဆုံး အာရေးဘီးကားကော်ဖီ ထုတ်လုပ်သည့် ကိုလံဘီယာနိုင်ငံသည်လည်း ၎င်း၏ မတ်လကော်ဖီ ထုတ်လုပ်မှုသည် ယခင်နှစ်ထုတ်လုပ်မှုထက် (၁၃) ရာခိုင်နှုန်း၊ အိတ်ပေါင်း(၈၁၄,၀၀၀)သို့ ကျဆင်းသွားကြောင်း၊

❖ ဗီယက်နမ်နိုင်ငံ၏ ဇန်နဝါရီလမှ ဧပြီလအထိကော်ဖီ တင်ပို့မှုသည် ယခင်နှစ်ထက် (၂၈.၄)ရာခိုင်နှုန်း၊ မက်ထရစ်တန် (၇၅၂,၀၀၀)သို့ ခုန်တက်သွားကြောင်း ဗီယက်နမ်အထွေထွေစာရင်းရုံးမှ မေလ(၅)ရက်နေ့တွင် ဖော်ပြခဲ့ပြီးနောက် ဗီယက်နမ်မှ ရောင်းလိုအား တိုးလာပြီး ရိုဘတ်စတာဈေးနှုန်းများကျဆင်းခဲ့ကြောင်း၊

❖ နိုင်ငံတကာကော်ဖီအဖွဲ့အစည်း ICO သည် ၂၀၂၀/၂၁ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကော်ဖီထုတ်လုပ်မှုခန့်မှန်းခြေကို အိတ်ပေါင်း(၁၆၈.၈၈)သန်းမှ (၁၆၇.၁၇)သန်းသို့ လျော့ကျ ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၀/၂၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကော်ဖီသောက်သုံးမှုသည် (၁၆၇.၉၈) သန်းမှ (၁၇၀.၃၀)သန်းသို့ မြင့်တက်လာခဲ့ကြောင်း၊

❖ မိုးခေါင်ခြင်းနှင့် နှင်းခဲရိုက်ခြင်းများကြောင့် ဘရာဇီးလ်နိုင်ငံ၏ ကော်ဖီသီးနှံများ ယခင်နှစ်တွင် ပျက်စီးခဲ့ပြီး လာမည့်(၂)နှစ်အတွက် ကော်ဖီသီးနှံဖွံ့ဖြိုးမှုအလားအလာကို အဟန့်အတားဖြစ်စေခဲ့ကြောင်း၊

❖ (၂၀၂၁)ခုနှစ်တွင် ဘရာဇီးလ်၏ အာရေးဘီးကားကော်ဖီ ထုတ်လုပ်မှုသည် (၂၁.၄)သန်းအထိ ကျဆင်းသွားကြောင်း၊ ၂၀၂၁-၂၂ ခုနှစ်တွင် ဘရာဇီးလ်၏ ကော်ဖီ တင်ပို့မှုသည် မိုးခေါင်ခြင်းနှင့်နှင်းခဲရိုက်ခြင်းတို့ကြောင့် အိတ်သန်းပေါင်း(၄၅.၆၇)သန်းမှ (၃၃.၂)သန်း၊ ယခင်နှစ်ထက်(၂၇)ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားနိုင်သည်ဟု USDA မှ ခန့်မှန်းထားကြောင်း၊ ဘရာဇီးလ်၏ (၂၀၂၂)ခုနှစ်ကော်ဖီထုတ်လုပ်မှုသည် ယခင်နှစ်ထက် (၁၆.၈)ရာခိုင်နှုန်း၊ (၅၅.၇)သန်းအိတ်အထိ ပြန်လည်မြင့်တက်လာမည်ဟု (၁၈.၅.၂၀၂၂)ရက်နေ့တွင်ထုတ်ပြန်ခဲ့သော barchat.com ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.barchart.com/story/news/ 8406799/coffee-prices-sharply-lower-as-brazil-frost-risks-recede

## အိန္ဒိယနိုင်ငံ၏ ဂျုံတင်ပို့မှုပိတ်ပင်ထားမှု အပေါ် စိုးရိမ်လျက်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြား

○ အိန္ဒိယနိုင်ငံ၏ ဂျုံတင်ပို့မှုကိုပိတ်ပင်ရန် ဆုံးဖြတ်ချက်သည် ကမ္ဘာ့ဈေးကွက်များကို ဂယက်ရိုက်ပြီး ဂျုံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ယခုအခါတွင် အိန္ဒိယနိုင်ငံ၏ ဂျုံတင်ပို့မှု ပိတ်ပင်ထားမှုနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဖြစ်သူ Tom Vilsack မှ ပြောကြားခဲ့ကြောင်း၊ ဈေးကွက်သည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သကဲ့သို့ လိုအပ်နေသော ကုန်ပစ္စည်းများရရှိရန် ကူညီပေးသည့် ဈေးကွက်တစ်ခု ရှိရန်လည်း လိုအပ်ကြောင်း၊

○ တစ်ချိန်တည်းမှာပင် အိန္ဒိယသည် ပြည်တွင်းဈေးနှုန်းများမြင့်တက်နေခြင်းအားထိန်းထားရန် သီတင်းပတ်ကုန်တွင် ဂျုံတင်ပို့မှုပိတ်ပင်ခဲ့ပြီးနောက်တွင် အာရှမှ ဂျုံတင်သွင်းသူများသည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းသစ်များ ရှာဖွေခဲ့ကြောင်း ကုန်သွယ်ရေးသတင်းအမြစ်များမှ ပြောကြားခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရုရှားနိုင်ငံမှ ယူကရိန်းနိုင်ငံသို့ ကျူးကျော်ပြီးနောက် အနောက်ပင်လယ်ဒေသမှ ဂျုံတင်ပို့မှု ကျဆင်းပြီးနောက်တွင် အာရှမှ တင်သွင်းသူများသည် အထူးသဖြင့် ကမ္ဘာ့ဒုတိယအကြီးဆုံး ဂျုံထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် အိန္ဒိယမှဂျုံများတင်သွင်းခဲ့ကြောင်း၊

○ ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံ၏ ဂျုံတင်ပို့မှုသည် ကမ္ဘာ့ဂျုံတင်ပို့မှု၏ ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး စစ်ပွဲကြောင့် ယူကရိန်းနိုင်ငံ၏ ကုန်သွယ်ရေးဂိတ်များပိတ်ခဲ့ရမှုကြောင့် ယူကရိန်း၏ တင်ပို့မှုများအဟန့်အတားဖြစ်ခဲ့ချိန်တွင် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနိုင်ငံ၏ တင်ပို့မှုကိုလည်း ရိုက်ခတ်ခံခဲ့ရကြောင်း၊ အာရှမှတင်သွင်းသူများအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း၊ အထူးသဖြင့် တိရစ္ဆာန်စာဂျုံအတွက် အိန္ဒိယသည် ယူကရိန်း/ ရုရှားပြီးလျှင် အခြားရွေးချယ်စရာနိုင်ငံဖြစ်ကြောင်း၊

○ အိန္ဒိယသည် ၂၀၂၂/၂၃ ခုနှစ် ကနဦးတွင် ဂျုံတန်ချိန် (၁၂) သန်းတင်ပို့ရန် အာရုံစိုက်ခဲ့ပြီး ယခင်နှစ် စံချိန်တင် တင်ပို့မှုတန်ချိန် (၇.၂)သန်းထက် သိသိသာသာမြင့်မားခဲ့ကြောင်း၊ စံချိန်တင်သီးနှံ(၅)မျိုး ဆက်တိုက်ရိတ်သိမ်းပြီးနောက်တွင် နယူးဒေလီသည် ဆဋ္ဌမမြောက် သီးနှံတန်ချိန် (၁၁၁.၃၂)သန်း ပိုမိုရရှိမည်ဟု ခန့်မှန်းထားကြောင်း၊

○ သီးနှံ၏အရေးကြီးသောဖွံ့ဖြိုးမှုအဆင့်များတွင်အပူလှိုင်းကြောင့် အစေ့အဆန်များ ပြည့်ဝမှုမရှိဘဲ အထွက်နှုန်းတန်ချိန်(၁၀၅)သန်းကျဆင်းမည်ဖြစ်ကြောင်း၊ အစိုးရမှ ခန့်မှန်းခဲ့ကြောင်း၊ အထွက်နှုန်းနည်းပြီး ပို့ကုန်ဝယ်လိုအား မြင့်မားခြင်းသည် ပြည်တွင်းဈေးနှုန်းအားမြင့်တက်လာစေပြီး တစ်ခါတစ်ရံ အစိုးရမှ သတ်မှတ်ထားသော ဝယ်ယူသည့်ဈေးနှုန်းထက် မြင့်တက်လာခဲ့

ကြောင်း၊ အဆိုပါအချက်ကြောင့် တောင်သူများသည် သက်သာချောင်ချိရေးအစီအစဉ်များ ဆောင်ရွက်နေသောအစိုးရအား ရောင်းချမည့်အစားပုဂ္ဂလိကသို့ ရောင်းချရန် တွန်းအားဖြစ်စေကြောင်း၊

- အစောပိုင်းတွင် အိန္ဒိယနိုင်ငံ၏ ဂျုံတင်ပို့မှုပိတ်ပင်မှုနှင့်ပတ်သက်၍ G-7 နိုင်ငံများမှ မကျေနပ်မှုများအား ဖြေရှင်းရာတွင် ဆင်းရဲသောနိုင်ငံများအတွက် ၎င်း၏ ကတိကဝတ်များ အားလုံးဖြည့်ဆည်းပေးမည်ဖြစ်ပြီး ၎င်းတို့၏ စားနပ်ရိက္ခာထောက်ပံ့မှုအတွက် အိန္ဒိယကို မှီခိုနေသော အိမ်နီးချင်းနိုင်ငံများအား စွန့်လွှတ်မည်မဟုတ်ကြောင်း၊
- စနေနေ့မှ Twitter ပို့စ်တစ်ခုတွင် နိုင်ငံ၏ ဂျုံလက်ကျန်သည် သင့်တင့်သောပမာဏတွင်ရှိပြီး ပြည်တွင်းလိုအပ်ချက်သာမက ယခင်ပို့ကုန်ဝယ်လိုအား အားလုံးကိုဖြည့်ဆည်းပေးရန် အသုံးပြုမည်ဖြစ်ကြောင်း အိန္ဒိယပြည်ထောင်စုဝန်ကြီး HardeepPuri မှ ပြောကြားခဲ့ပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://zeenews.india.com/india/indias-wheat-export-ban-is-causing-us-agriculture-secretary-deep-concern-find-out-why-2464281.html

## ၂၀၂၂ ခုနှစ်၊ မေလဒုတိယ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ဧရာဝတီ |
| မနော်သုခ | ၃၂၀၀၀ | ၃၆၀၀၀ | ၃၅၆၀၀ | ၄၀၀၀၀ | ၃၂၀၀၀ |
| ဆင်းသုခ | ၃၂၀၀၀ | ၃၆၀၀၀ | ၃၇၅၀၀ | ၄၀၀၀၀ | ၃၂၀၀၀ |
| ဧရာမင်း | ၄၆၀၀၀ | ၃၆၀၀၀ | ၄၉၅၀၀ | ၄၈၀၀၀ | ၃၃၀၀၀ |
| ပေါ်ဆန်း | ၆၄၀၀၀ | ၆၀၀၀၀ | ၆၆၅၀၀ | ၅၅၀၀၀ | ၅၂၀၀၀ |

## ၂၀၂၂ ခုနှစ်၊ မေလဒုတိယ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၁၀၀၀ | ၁၂၀၀၀ | ၉၉၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| နှမ်းဆီ | ၁၁၀၀၀ | ၁၁၀၀၀ | ၈၄၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| နေကြာဆီ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၆၀၀ | ၉၀၀၀ | ၈၀၀၀ |
| စားအုန်းဆီ | ၇၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |

## ၂၀၂၂ ခုနှစ်၊ မေလဒုတိယ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မကွေး | စစ်ကိုင်း | ဧရာဝတီ |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၉၅၀၀၀ | ၉၈၀၀၀ | ၉၆၅၀၀ | ၉၅၀၀၀ | ၉၆၈၀၀ |
| - ရွှေတောင် | ၉၀၀၀၀ | ၉၈၀၀၀ | - | ၉၂၀၀၀ | ၉၅၀၀၀ |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၈၀၀၀ | ၉၉၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၉၇၀၀၀ | - | ၉၅၀၀၀ | ၉၉၀၀၀ |
| - ဝိစာရ | ၉၄၀၀၀ | ၉၅၀၀၀ | - | ၉၅၀၀၀ | ၉၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၉၅၀၀၀ | - | ၈၅၀၀၀ | ၈၇၀၀၀ |
| - အာမို | ၇၀၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | ၈၄၀၀၀ | ၉၀၀၀၀ |
| - ဩဘာ/ ကောမက် | ၈၅၀၀၀ | ၉၅၀၀၀ | - | ၈၇၀၀၀ | ၇၆၀၀၀ |
| - ဝိစာရ | ၈၂၀၀၀ | ၉၅၀၀၀ | - | ၈၄၀၀၀ | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၉၀၀၀ | ၇၃၀၀၀ | ၉၅၀၀၀ | ၈၀၀၀၀ |
| - ဝိစာရ | - | ၈၃၀၀၀ | - | ၉၅၀၀၀ | - |
| - အာမို | ၈၅၀၀၀ | ၉၁၅၀၀ | ၉၇၀၀၀ | ၉၇၀၀၀ | ၈၂၀၀၀ |
| - ဩဘာ | - | ၈၇၀၀၀ | - | ၉၉၀၀၀ | ၉၀၀၀၀ |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ | ၈၇၅၀၀ |
| - အာမို | ၉၇၀၀၀ | ၉၆၀၀၀ | ၉၅၀၀၀ | ၈၆၀၀၀ | ၈၇၅၀၀ |
| - ဝိစာရ | ၈၅၀၀၀ | ၉၈၀၀၀ | - | ၈၆၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၈၈၀၀၀ | ၉၅၀၀၀ | - | ၈၄၀၀၀ | ၉၇၅၀၀ |
| - သံကွင်း | ၉၈၀၀၀ | ၉၄၀၀၀ | - | ၈၄၀၀၀ | ၆၉၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ဧရာဝတီ |
| မနော်သုခ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ဆင်းသုခ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ဧရာမင်း | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ပေါ်ဆန်း | ၁၉၀၀၀ | - | - | ၁၇၀၀၀ | ၁၅၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

၂၀၂၂ ခုနှစ် မေလပထမပတ်နှင့် ဒုတိယပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မေလ ပထမပတ် | မေလ ဒုတိယပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၄.၅၆၉ | ၆.၀၃၃ | (+)၁.၄၆၄ |
| | ကီလို | ၅၆၄၈.၁၅ | ၇၁၁၇.၄၇ | (+)၁၄၆၉.၃၂ |
| ပဲတီစိမ်း | US$ | ၁၄.၃၃၅ | ၁၅.၅၁၆ | (+)၁.၁၈၁ |
| | ကီလို | ၁၈၄၁၂.၅၅၃ | ၂၀၁၉၃.၉၂၃ | (+)၁၇၈၁.၃၇ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀.၀၉၄ | ၀.၁၃၉ | (+)၀.၀၄၅ |
| | ကီလို | ၁၀၀.၀၀ | ၁၄၈.၇၀ | (+)၄၈.၇၀ |
| ပဲစဥ်းငုံ | US$ | ၀.၀၃၂ | ၀.၅၀၁ | (+)၀.၄၆၉ |
| | ကီလို | ၄၁.၅ | ၇၀၆.၀ | (+)၆၆၄.၅၀ |
| ကုလားပဲ | US$ | ၀.၇၀၅ | ၀.၈၈၂ | (+)၀.၁၇၇ |
| | ကီလို | ၁၀၁၆.၀ | ၁၂၃၂.၀ | (+)၂၁၆.၀ |
| ပဲလွန်းဖြူ | US$ | ၁.၁၉ | ၀.၅၅ | (-)၀.၆၄ |
| | ကီလို | ၁၆၁၇.၅ | ၇၄၀.၃၉ | (-)၈၇၇.၁၁ |
| မြေထောက်ပဲ | US$ | ၂.၅၆၉ | ၂.၂၀၄ | (-)၀.၃၆၅ |
| | ကီလို | ၃၆၇၉.၁၁ | ၃၂၉၃.၄၅၄ | (-)၃၈၅.၆၅၆ |
| ထောပတ်ပဲ | US$ | ၁.၇၀၆ | ၂.၀၅၇ | (+)၀.၃၅၁ |
| | ကီလို | ၂၀၀၂.၆၇ | ၂၅၉၅.၇၆ | (+)၅၉၃.၀၉ |
| ပဲယင်း | US$ | ၁.၅၁၂ | ၁.၆၉၄ | (+)၀.၁၈၂ |
| | ကီလို | ၂၀၆၂.၄၈ | ၂၈၀၃.၂ | (+)၇၄၀.၇၂ |
| ပဲကြီး | US$ | ၀.၇၁၈ | ၀.၄၉၄ | (-)၀.၂၂၄ |
| | ကီလို | ၁၀၄၁.၀၅ | ၈၀၂.၀၅ | (-)၂၃၉.၀ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၄၃ | ၀.၂၈၂ | (-)၀.၁၄၈ |
| | ကီလို | ၆၇၅.၀၀ | ၃၉၅.၉၉၃ | (-)၂၇၉.၀၀၇ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၅၄ | ၀.၀၀ | (-)၀.၀၅၄ |
| | ကီလို | ၈၄.၀၀ | ၀.၀၀ | (-)၈၄.၀၀ |
| ပဲဖြူကလေး | US$ | ၀.၀၁၉ | ၀.၀၂၂ | (+)၀.၀၀၃ |
| | ကီလို | ၂၁.၀၀ | ၅၀.၀၀ | (+)၂၉.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၁၈၁ | ၀.၀၉၆ | (-)၀.၀၈၅ |
| | ကီလို | ၂၃၅.၅၀ | ၁၅၉.၀၀ | (-)၇၆.၅၀ |
| ပဲနီကြား | US$ | ၀.၃၄၇ | ၀.၂၇၂ | (-)၀.၀၇၅ |
| | ကီလို | ၈၅၅.၄၅ | ၆၈၁.၀၅ | (-)၁၇၄.၇၀ |
| နိုင်လွန်ပဲ | US$ | ၀.၀၉၄ | ၀.၀၆ | (-)၀.၀၃၄ |
| | ကီလို | ၁၃၀.၅၀ | ၇၆.၉၅ | (-)၅၃.၅၅ |
| မြေပဲ (အခွံပါ) | US$ | ၀.၀၀ | ၀.၀၁၃ | (+)၀.၀၁၃ |
| | ကီလို | ၀.၀၀ | ၁၅.၀၀ | (+)၁၅.၀၀ |
| မြေပဲဆံ | US$ | ၁.၁၀ | ၀.၅၀ | (-)၀.၆၀ |
| | ကီလို | ၁၁၈၇.၅၅ | ၅၅၉.၇၃၄ | (-)၆၂၇.၈၁၆ |
| အခြားပဲ | US$ | ၀.၀၃၁ | ၀.၀၀ | (-)၀.၀၃၁ |
| | ကီလို | ၅၀.၃၃ | ၀.၂၇ | (-)၅၀.၀၆ |
| စုစုပေါင်း | US$ | ၂၉.၈၇၅ | ၃၁.၄၄၆ | (+)၁.၆၆၁ |
| | ကီလို | ၃၈၈၆၀.၃၄၃ | ၄၁၅၇၀.၉၄၅ | (-)၂၇၁၀.၆၀၂ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ
(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း – ၀၆၇ ၃၄၁၀၅၁၈, Email: doamisppme@gmail.com